# သင်ခန်းစာ-၄၈

## ၁။ ဝေါဟာရများ

| | | |
|---|---|---|
| おろします I | 降ろします、<br>下ろします | ချသည်၊အောက်သို့ချသည် |
| とどけます II | 届けます | ပို့သည် |
| せわを します III | 世話を します | ကိစ္စကြီးငယ်ပြုသည် |
| ろくおんします III | 録音します | အသံသွင်းသည် |
| いや[な] | 嫌[な] | မနှစ်မြို့သော၊မကြိုက်သော၊မကြည်ဖြူသော |
| じゅく | 塾 | ကျူရှင် |
| せいと | 生徒 | တပည့်၊ကျောင်းသား/သူ |
| ファイル | | ဖိုင် (စာရေးကိရိယာ) |
| じゆうに | 自由に | လွတ်လပ်စွာ၊လွတ်လွတ်လပ်လပ် |
| ～かん | ～間 | ～(အချိန်)ကြာ |
| いい ことですね。 | | ကောင်းတဲ့ကိစ္စပဲ။သတင်းကောင်းပဲ။ |



**〈会話(かいわ)〉**

| | |
|---|---|
| お忙(いそが)しいですか。 | အလုပ်များနေပါသလား။(အထက်လူကြီးအားစတင်စကားခေါ်ရာတွင်သုံးသည်) |
| 営業(えいぎょう) | စီးပွားရေးလုပ်ငန်း၊အရောင်း |
| それまでに | အဲဒီအချိန်အထိ၊ထိုအချိန်ကိုနောက်ဆုံးထား၍ |
| かまいません。 | ရပါတယ်။ကိစ္စမရှိပါဘူး။ |
| 楽(たの)しみます I | ပျော်ရွှင်စွာခံစားသည်။ကြည်ကြည်နူးနူးခံစားသည်။မွေ့လျော်သည်။ |

**〈読(よ)み物(もの)〉**

| | |
|---|---|
| 親(おや) | မိဘ |
| 小学生(しょうがくせい) | မူလတန်းကျောင်းသားကျောင်းသူ၊မူလတန်းကလေး |
| ーパーセント | －ရာခိုင်နှုန်း |
| その次(つぎ) | အဲဒါပြီးနောက်၊နောက်တစ်ခုက |
| 習字(しゅうじ) | လက်ရေးလေ့ကျင့်ခြင်း |
| 普通(ふつう)の | ပုံမှန်၊ရိုးရိုး |

## ၄။ သဒ္ဒါရှင်းလင်းချက်

### ၁. ခိုင်းစေခြင်းပြကြိယာ

| | | ခိုင်းစေခြင်းပြကြိယာ | |
|---|---|---|---|
| | | ယဉ်ကျေးသည့်ပုံစံ | ရိုးရိုးပုံစံ |
| I | いきます | いかせます | いかせる |
| II | たべます | たべさせます | たべさせる |
| III | きます | こさせます | こさせる |
| | します | させます | させる |

(ပင်မဖတ်စာအုပ်၏သင်ခန်းစာ-၄၈မှလေ့ကျင့်ခန်းA1ကိုမှီငြမ်းရန်)

ခိုင်းစေခြင်းပြကြိယာသည် ကြိယာအုပ်စု-၂ အဖြစ်ဖြင့် သဒ္ဒါပြောင်းလဲမှုပြုသည်။

ဥပမာ- かかせます　　かかせる　　かかせ(ない)　　かかせて

### ၂. ခိုင်းစေခြင်းပြကြိယာဝါကျ

ခိုင်းစေခြင်းပြကြိယာတွင် ပြုမူလုပ်ဆောင်သူကို を ဖြင့်ဖော်ပြသည့်အခါနှင့် に ဖြင့်ဖော်ပြသည့်အခါရှိသည်။ အခြေခံစည်းမျဉ်းသတ်မှတ်ချက်အရ အောက်ပါနမူနာဝါကျ-၁ကဲ့သို့ မူလကြိယာသည် ဖြစ်ခြင်းပြကြိယာဖြစ်သည့်အခါ၌ を ဖြင့်ဖော်ပြပြီး နမူနာဝါကျ-၂ကဲ့သို့ ပြုခြင်းပြကြိယာဖြစ်သည့်အခါ၌မူ に ဖြင့် ဖော်ပြသည်။

၁) | N(လူ)を ခိုင်းစေခြင်းပြကြိယာ(ဖြစ်ခြင်းပြကြိယာ) | V(ဖြစ်ခြင်းပြကြိယာ) ခိုင်းတယ်။

① 部長は ミラーさんを アメリカへ 出張させます。
　ဌာနမှူးက မစ္စတာမီလာကို အမေရိကကို တာဝန်နဲ့ခရီးထွက်ခိုင်းတယ်။

② わたしは 娘を 自由に 遊ばせました。
　ကျွန်တော်က သမီးကို လွတ်လွတ်လပ်လပ် ပေးကစားတယ်။

[မှတ်ချက်] ဖြစ်ခြင်းပြကြိယာတွင် "N(နေရာ)を"ကို အသုံးပြုသည့်အခါ၌ ပြုမူလုပ်ဆောင်သူကို に ဖြင့် ဖော်ပြသည်။

③ わたしは 子どもに 道の 右側を 歩かせます。
　ကျွန်တော်က ကလေးကို လမ်းရဲ့ညာဘက်ခြမ်းကနေ လျှောက်ခိုင်းတယ်။

၂) | $N_1$(လူ)に $N_2$を ခိုင်းစေခြင်းပြကြိယာ(ပြုခြင်းပြကြိယာ) | V(ပြုခြင်းပြကြိယာ) ခိုင်းတယ်။

④ 朝は 忙しいですから、娘に 朝ごはんの 準備を 手伝わせます。
　မနက်က အလုပ်များလို့ သမီးကို မနက်စာပြင်ဆင်ဖို့ ဝိုင်းကူခိုင်းတယ်။

⑤ 先生は 生徒に 自由に 意見を 言わせました。
　ဆရာမက တပည့်ကို လွတ်လွတ်လပ်လပ်နဲ့ ထင်မြင်ချက်ကို ပြောခိုင်းခဲ့တယ်။



### ၃. ခိုင်းစေခြင်းပြကြိယာအသုံးပြုပုံ

ခိုင်းစေခြင်းပြကြိယာသည် အတင်းခိုင်းစေခြင်း သို့မဟုတ် လက်ခံခွင့်ပြုခြင်းကို ဖော်ပြသည်။ ဥပမာဆိုရသော် မိဘမှ သားသမီးအား၊ အစ်ကိုမှညီလေးအား၊ အထက်လူကြီးမှအောက်လက်ငယ်သားအားစသည်ဖြင့် အသက်သို့မဟုတ် ရာထူးကြီးမြင့်သူမှ အသက်ငယ်သူသို့မဟုတ်ရာထူးအဆင့်နိမ့်သူအား အပြုအမူတစ်ခုကို အတင်းခိုင်းစေသည့်အခါ သို့မဟုတ် အသက်ငယ်သူသို့မဟုတ်ရာထူးအဆင့်နိမ့်သူ၏အပြုအမူကို လက်ခံခွင့်ပြုပေးသည့်အခါမျိုး၌ အသုံးပြုသည်။ အထက်ပါ①③④သည် အတင်းခိုင်းစေခြင်း၏ နမူနာဝါကျဖြစ်၍ ②နှင့်⑤သည် လက်ခံခွင့်ပြုခြင်း၏ နမူနာဝါကျဖြစ်သည်။

[မှတ်ချက်] သာမန်အားဖြင့် အသက်သို့မဟုတ်ရာထူးကြီးမြင့်သူအပေါ် အတင်းခိုင်းစေခြင်း သို့မဟုတ် လက်ခံခွင့်ပြုခြင်းတို့ကိုပြုလုပ်ရန်အနေအထားမဟုတ်သည့်အတွက် ခိုင်းစေခြင်းပြကြိယာအသုံးပြုသည့်ပြောနည်းကို အသုံးမပြုပေ။ အကြောင်းအရာတစ်ခုကို(အောက်ပါ⑥တွင် せつめいします) အခြားလူ၏လုပ်ဆောင်မှုဖြင့် (⑥တွင်ぶちょう) အကောင်အထည်ဖော်ခြင်းကို ဖော်ပြရန် Vて-ပုံစံ いただきますနှင့် Vて-ပုံစံ もらいますစသည့် ကျေးဇူးတရားကိုဖော်ပြသည့် ပြောနည်းကို အသုံးပြုသည်။ ဤပြောနည်းကို ⑦ကဲ့သို့ အသက်သို့မဟုတ်ရာထူးအဆင့်တူညီသူ သို့မဟုတ် အသက်ငယ်သူသို့မဟုတ်ရာထူးအဆင့်နိမ့်သူတို့ထံ ကျေးဇူးတရားလက်ခံရရှိကြောင်းကို ဖော်ပြရာတွင် အသုံးပြုနိုင်သည်။

⑥ わたしは 部長に 説明して いただきました。
　ကျွန်တော့်ကို ဌာနမှူးက ရှင်းပြပေးခဲ့ပါတယ်။

⑦ わたしは 友達に 説明して もらいました。
　ကျွန်တော့်ကို သူငယ်ချင်းက ရှင်းပြပေးခဲ့ပါတယ်။

### ၄. | ခိုင်းစေခြင်းပြကြိယာて-ပုံစံ いただけませんか | V လို့ရမလား။

သင်ခန်းစာ-၂၆တွင် Vて-ပုံစံ いただけませんかကို လေ့လာခဲ့ပြီးဖြစ်သည်။ ၎င်းသည် အပြုအမူတစ်ခုပြုလုပ်ရန် တစ်ဖက်လူအား တောင်းဆိုသည့်ပြောနည်းဖြစ်ကာ ပြောသူသည် မိမိအပြုအမူကို လက်ခံခွင့်ပြုပေးရန် တောင်းဆိုသည့်အခါမျိုးတွင်မူ ခိုင်းစေခြင်းပြကြိယာて-ပုံစံ いただけませんかကို အသုံးပြုသည်။

⑧ いい 先生を 紹介して いただけませんか。
　ကောင်းတဲ့ ဆရာနဲ့ မိတ်ဆက်ပေးလို့ ရမလား။ (သင်ခန်းစာ-၂၆)

⑨ 友達の 結婚式が あるので、早く 帰らせて いただけませんか。
　သူငယ်ချင်းရဲ့မင်္ဂလာဆောင်ပွဲ ရှိလို့ စောစော ပြန်လို့ရမလား။(/ပြန်ခွင့်ပေးလို့ရမလား။)

⑧တွင်しょうかいしますလုပ်မည့်သူသည် ကြားနာသူဖြစ်သော်လည်း ⑨တွင်မူ かえりますလုပ်မည့်သူသည် ပြောသူဖြစ်သည်။